# ပန်းသီဝိုင်

## အချစ်က တမြမြချို

(၁)

မေမေက သူ့ရဲ့ခြံဝန်းမကျဉ်းမကျယ်လေးထဲမှာ ပန်းပင်အတော်စုံအောင် စိုက်ပျိုးထားခဲ့သည်။

ဇေရတုတို့ ခြံဝန်းလေးထဲမှာ စွယ်တော် အဖြူရောင်လေးတွေလည်းရှိသည်။ ဇီဇဝါအဖြူ စံပယ်အဖြူ ပိန်းပန်းအဖြူ၊ ဂန္ဓမာအဖြူ၊ ဂမုန်းပွင့်အဖြူစသဖြင့် သူမသိသော ပန်းဖြူဖြူလေး တွေအားလုံးက အစုတစ်စုအဖြစ် တစ်နေရာယူထားပြီး တစ်ခြားအနီ၊ အဝါ၊ အစိမ်း၊ ပန်းရောင်အားလုံး ကာလာစုံအောင် သူ့ နေရာနှင့်သူခွဲခြားစိုက်ပျိုးထားပုံကြောင့် ရပ်ကွက်ထဲမှာ သူတို့ခြံက ပြင်ဦးလွင် အသေးစားလေးဖြစ်နေသည်။ အသည်းပုံပန်းခင်းလေးတစ်ခုလည်း ရှိသေးသည်။

တစ်ခုသော မနက်ခင်းမှာ ဇေရတုက စွပ်ကျယ်ချိုင်းပြတ်နှင့် ဘောင်းဘီတိုပွနှင့်ခြံထဲ ဆင်းလျှောက်ရင်း မေမေရဲ့နှင်းဆီအဝါရောင်အိုးလေးကို မြင်မိသည်။

လှပသော နှင်းဆီပွင့်လေးက သူ့မျက်စိထဲ အလိုလို ဝင်လာတာ။

သူ့ခြေစုံရပ်ကာ ပန်းကလေးကို ကြည့်မိ၏ ။

ဒီပန်းလေးရဲ့ ပွင့်နေပုံက အရွယ်အစားအနေတော်ရိုးတံကလည်း တဖြောင့်တည်း၊ ငွားငွားစွင့်စွင့် မိုးမိုးမတ်မတ်နှင့် နေရောင်နွေးနွေးလေးအောက်မှာ အစွမ်းကုန်လှပဖူးပွင့်နေတာ။

ပန်းပွင့်တိုင်းက လှပပေမယ့် ဒီတစ်ပွင့်လို အလှထူးတာမျိုးတော့ရှားသည်။ နှင်းဆီတွေက အပွင့်တိုင်းလှတာမဟုတ်ပါ။

တချို့ပွင့်အာနေတဲ့ သဏ္ဍာန်ဘာမှမထူးခြား။

သူသည်ရုတ်တရက်ထိုပန်းပွင့်လေးအား တစ်စုံတစ်ယောက်ကိုလက်ဆောင် ပေးချင်စိတ် ဖြစ်ပေါ်လာသည်။

ခဏလေးပါပဲ...သူ့စိတ်ကူးကို ဇေရတု ချက်ခြင်းပြန်ပယ်ချသည်။

မဖြစ်နိုင်။

ဒီမိန်းကလေးက ပန်းပန်တာမတွေ့။ ပန်းကို ချစ်တတ်ပုံလည်းမပေါ်။ ပန်းကြိုက်မလေး တစ်ယောက် ဖြစ်နေမယ်ဆိုရင်တောင် ကိုယ်လက်ဆောင်ပေးဖို့ မသင့်တော်ပါဘူး။

တကယ်တော့ မိုးရယ်...မင်းက ကိုယ့်ချစ်သူမှ မဟုတ်တာဲ။

ဇေရတုက ပင့်သက်တချက်နှင့် ပန်းအိုးနားက ပြန်လှည့်ထွက်ဖို့ပြင်သည်။

ကလင်...ကလင်

ခြံတံခါးဂမှာ တပ်ဆင်ထားတဲ့ ခေါင်းလောင်းသံလေး မြည်သဖြင့် သူဖျတ်ခနဲ လှည့်ကြည့် မိသည်။

ဖွန်ပန်းတွေနှင့် သစ်သားတံခါးအဟောင်းလေးရဲ့ အပြင်ဘက်မှာ အဝါရောင်အရိပ်လေး တစ်ရိပ်။

အရပ်မြင့်မြင့် ဆံပင်ရှည်ရှည်နှင့် ညက်ညက်လေး။ ကြည့်မဝအောင်လှတဲ့ မိန်းကလေး တစ်ယောက်။

အလိုက်မသိသော ရန်ခုန်သံက ရုတ်ချည်းမြန်ဆန်လာသည်။

'အောင်ရေ'

သူမက အသံပေးလို့ အော်ခေါ်သည်။

သူ့ကိုအိမ်ပေါ်မှာ မှတ်ပြီး စွတ်အော်နေတာ

ဇေရတုက တံခါးဝသို့လျှောက်လာသည်။

‘အမလေး ကိုဇေရတုအောင်ရေ...မလျှောက်ချင်လျှောက်ချင်နဲ့ပါလား’

‘မဟုတ်ပါဘူး’

ဇေရတုက တံခါးက သံကွင်းလေးကို ဖြုတ်ပေးလိုက်သည်။

ရွှဲရွှဲရွှဲရွှဲအစလေးတစ်မျိုးကို အင်္ကျီနှင့်စကဒ်ဆင်တူတွဲဝတ်ထားသည်။

‘ဘာကြည့်နေတာလဲ’

‘မကြည့်ပါဘူး’

‘ကြည့်နေတာတွေ့သားနဲ့...အောင်နော်’

ဇေရတုက ရယ်လိုက်သည်။

မိုးမမကို မြင်လိုက်တာနှင့် အလိုလို စိတ်ချမ်းသာတတ်သူမို့ သူ့ရယ်သံက ချိုကြည်ရွှင်မြူး နေပါသည်။

‘ဘာရယ်နေတာလဲ’

‘မရယ်ပါဘူး’

‘ဟွန်း...ငြင်းပြန်ပြီ၊ ဘာမဆို ငြင်းဖို့ပဲ’

‘မဟုတ်ပါဘူး၊ စောစောစီးစီး မိုးရောက်လာတော့ ဘာများလဲလို့ပါ’

‘မိုး လာရင် အောင်ကကြောက်လား’

သူ မျက်ခုံးရှုံ့မိကာ

‘ဘာကိုကြောက်ရမှာလဲ’

‘သိဘူးလေ’

‘ကဲပါ…အိမ်ပေါ်တက်၊ မေမေရှိတယ်၊ ကော်ဖီသောက်ရအောင်’

‘အောင့် မေမေမရှိရင် မိုးကို မခေါ်ဘူးပေ့ါ’

‘ကပ်သီးကပ်သပ်မမေးစမ်းနဲ့’

မိုးမသည် ဇေရတုမျက်နှာကို မော့ကြည့်မိသည်။ ဘယ်လိုအကျိုးပေးကြောင့်များ ဒီမျှ ခန့်ညားချောမောနေရသလဲ။ ယောကျ်ားပီသသော မျက်နှာနုနုဟာ အလွန်စွဲမက်ဖွယ်ကောင်း သည်။

အထူးသဖြင့်တော့ သူ့ရဲ့ ကလေးဆန်လှတဲ့ ရွှန်းနက်နက်မျက်လုံးအစုံပေ့ါ။ ကြည့်မိရင် မလွဲဖယ်ချင်အောင် ဖမ်းစားညှို့ယူနိုင်လွန်းပါသည်။

ဇေရတုကလည်း သူမမျက်လုံးထဲကို ပြန်စိုက်ကြည့်မိသည်။

ရှက်ရိပ်သဲ့သဲ့လေး စွန်းနေတဲ့ မိုးမျက်လုံးချိုချိုလေးရဲ့ အဓိပ္ပာယ်ကို သူသိပါသည်။

ယောကျ်ားလေးပဲ…မသိဘဲနေမလားကွာ။

မသိချင်ယောင်ဆောင်ထားခဲ့ရတာ ကြာပြီ။

တရေးနိုးရင်တောင် တမ်းတသတိရမိသေးတဲ့ မျက်ဝန်းလေးပါပဲ။

ဒါကြောင့်လည်း L လွန်းဝါရဲ့ ချစ်မျက်ဝန်းသီချင်းလေးကို ခဏခဏဖွင့်နားထောင်နေမိတာ။

သိပ်ကြိုက်နေမိတာ။

‘မူမပိုင်တဲ့မျက်ဝန်းအတွက်…

ကြိတ်ပြီးရူးခဲ့ရပေမယ့်…

နှုတ်ဆက်မယ့် ဒီနှုတ်ခမ်းတွေ…

တွေးပူနေ’ ဆိုတဲ့ စာသားကိုတော့ အကြိုက်ဆုံးပါပဲ။ သူ့ခံစားချက်ကို တည့်တည့်ကြီး လာထိတာ။

သူလည်းဘာထူးလဲ။

ကြိုတ်ပြီးချစ်နေရတာ ။ ကြိတ်မှိတ်ပြီးအောင့်အီးထားရတာ ။

ကိုယ့်အဖြစ်က မလွယ်ပါဘူး မိုးရယ်။

ချစ်တဲ့မိန်းကလေးတစ်ယောက်ကို ‘ချစ်တယ်’ လို့ ဖွင့်ပြောရဲလောက်တဲ့ အခြေအနေအဆင့် အတန်းမျိုးမရှိဘူး။ ရဲရဲကြီးချစ်ခွင့်ပန်ဖို့ ကိုယ့်မှာအရည်အချင်း မရှိပါဘူး။

မိုးနဲ့လည်း မထိုက်တန်ဘူးကွာ။

နားလည်ပေးလိုက်ပါ။

ဘာပဲဖြစ်ဖြစ် မိုးနားလည်ပေးပါ။

မချစ်လို့ မဟုတ်ရပါဘူး။

ဇေရတုက မသိမသာ အကြည့်ပြန်လွှဲသွားရာ မိုးမမ နှုတ်ခမ်းလေးကို အလိုမကျစွာ ခပ်စူစူ ခြေပါဆောင့်ပစ်ချင်တာအဟုတ်ပဲ။

သူက အကြည့်ငေးလေးကိုတောင် ရှောင်တာချင်တာ။

ကြည့်တော့ဘာဖြစ်မှာလဲ။

အလကား…မိန်းကလေးတစ်ယောက်နှင့်ပင် မျက်လုံးချင်း ပြိုင်မကြည့်ရတဲ့ ကောင်လေး။.

တံခါးကပိတ်ထားလို့ ခေါက်ရမယ့်ကိစ္စဆိုထားပါတော့။ သူ တွေဝေတာကို မိုးလက်ခံ ပါသည်။ အခုဟာက တံခါးတစ်ချပ်က အသင့်ဖွင့်ထားတာပဲ။

အသာလေး လှပ်ဝင်လာခဲ့ရုံပဲဥစ္စာ

မနေချင်လည်း ပြန်ထွက်သွားလို့ရသေးသည်။

ဒါကိုပဲ ဒင်းက

မကျေနပ်ချင်ပါ။

ရင်ထဲမှာ မကျေမနပ်နှင့် တနုံ့နုံ့အသည်းယားနေမိတာကြာပြီ။

မိန်းကလေးဖက်ကကွာ။

ဒီလောက်...

သူ့ကို မိုးကြည့်နေရင်းက မထိန်းနိုင်ဘဲ မျက်စောင်းရွယ်မိသည်။

ဇေရတုက မိုးကို မကြည့်ဘဲ အရေးမပါတဲ့ ပန်းတွေကို ငုံ့ကြည့်နေမိသည်။

သူကြည့်နေတဲ့ ပန်းတစ်ပွင့်ပဲ ဖြစ်ချင်ပါရဲ့။

မိုးနဲ့ဆို အကြည့်လွှဲပြီး ခေါင်းငုံ့တတ်လွန်းလို့ပါ။

မိုးကပဲ ဆွဲဆောင်မှုမရှိလို့လား။

ပန်းတစ်ပွင့်လောက်ပင် စိတ်ဝင်စားစရာ မကောင်းလို့လား။

ဒီလိုတော့ဖြင့်လည်း မထင်နိုင်ပါ။

တခြားကောင်ကလေးတွေများ မိုးကြည့်လိုက်ရင် လူပ်လူပ်ရှားရှားပါ။ ကြိုက်နေတဲ့သူတွေ ပုံလို့ပါနော်။

သီချင်းထဲကလို မျက်လုံးလေးတစ်ချက်ဝေ့ကြည့်ရင် တစ်ပုံကြီးပါမလာရင်တောင် အနည်းဆုံးနှစ်ယောက်သုံးယောက်တော့ ပါလာနိုင်သားပဲ။

မိုးသည် တခြားကောင်လေးများနှင့်ပတ်သက်လျှင် မိုးကိုယ်မိုး ယုံကြည်သော်လည်း သူနှင့် ပတ်သက်လျှင် အမြဲအားငယ်ရသည်။

ဘဂမှာ လိုလေသေးမရှိ ပြီးပြည့်စုံပေမယ့် အချစ်ရေးနှင့်ပတ်သက်လျှင် မိုးတကယ် ကံမကောင်းသေးပါ။

အောင်က ချစ်တယ်လို့ တစ်ခွန်းဖွင့်ဟဖို့ထားပါဦး။

ပန်းကလေးတစ်ပွင့်တောင် လက်ဆောင်မပေး။

ဒီလောကကြီးမှာ ပွင့်နေတဲ့ပန်းတွေ မရေမတွက်နိုင်အောင်ရှိပေမယ့် မိုးလည်း ပဲ ပန်းပွင့်ပေါင်းတစ်သောင်းတစ်သိန်းမက ဝယ်နိုင်ပေမယ့်လည်း ကိုယ်ပေးစေချင်တဲ့သူဆီက ပန်းကလေးတစ်ပွင့်တည်းပဲ လက်ဆောင်ရဖို့ဆိုတာ မလွယ်။

မလွယ်တဲ့အပြင် သိပ်ပြီး ခဲယဉ်းပင်ပန်းတယ်ဆိုတာ မိုးနှလုံးသားကို ရင်းပြီးတော့ နားလည်ရသည်။

ဘယ်လောက်ပဲ ဆင်းရဲတဲ့ ကောင်လေးတစ်ယောက် ဖြစ်ပါစေ။ ပန်းတစ်ပွင့်တော့ တတ်နိုင်မှာပါ။ ပေးနိုင်မှာပါ။

မိုးလည်း အများကြီးလိုချင်တာမှ မဟုတ်ဘဲ။

ဒါပေမယ့် သူတစ်ခါမှမပေးဖူးပါ။

အခု ဖေဖော်ဝါရီလထဲ ရောက်နေပြီ။

သိပ်မကြာခင် Valentine day ဆိုတာ ရောက်လာတော့မှာ။

အောင်ရယ်...

မိုးတကယ်ပဲ အောင့်ကို စိတ်တိုချင်ပါရဲ့။

တစ်ခြားတစ်ယောက်ကိုလည်း မချစ်နိုင်ဘူး။

‘အောင် ’ သာ မိုးကို ချစ်မယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ။

တွေးလိုက်တာနှင့် နှလုံးသားတစ်ဝိုက်မှာ သိသာစွာ ပူနွေးလာတော့တာ။ အကြိမ်ကြိမ်ပဲ။ အောင့်အနားရောက်တာနှင့်အောင်အကြောင်းတွေးတာနှင့် ရင်ထဲလှုပ်ရှားချက်က ရိုးမသွား။

မိုးသိပ်ညံ့နေပြီလား။

ဤမျှနီးစပ်ပတ်သက်နေသော ရိုးရိုးသားသားကောင်မလေးတစ်ယောက်ကိုပင် မဆွဲဆောင် နိုင်ဘူးလား။

သူ့မှာလည်း ရည်စားမရှိသေးဘူးလေ။

မိုးရောအောင်ရော ချစ်သူမထားဖူးသေးတာ အမှန်။

ဇေရတုအောင်လည်း ရင်ခုန်နေမိသည်။

သူတို့နှစ်ယောက်ကြားမှာ ဘာကြောင့်ဒီလောက်တိတ်ဆိတ်နေရတာ လဲ။

ပြီးတော့မိုးက သူ့ကိုဘယ်လိုကြည့်နေတာလဲ။

မိုးမျက်လုံးတွေရဲ့ပြုစားတဲ့ဒဏ်ကို သူမခံစားနိုင်ပါ။

ရင်ထဲမှာ တမျိုးကြီးဖြောင်းဆန်လာသည်။ ဒီလိုအချိန်မျိုးမှာ ဘာလုပ်လုပ်အယောင်ယောင် အမှားမှားဖြစ်နိုင်သည်။

ဘာမှမလုပ်ဘဲ ငြိမ်နေတာအကောင်းဆုံး။

ဇေရတုက ပန်းပွင့်တွေကို အလကားနေ သဲသဲမဲမဲ စိုက်ကြည့်နေလိုက်သည်။

ကိုယ်ရှန်းလို့ရမှာ မဟုတ်တာလည်းသိသည်။

ဒီသံယောဇဉ် ကွန်ယက်ထဲမှာ ကျရှုံးဖို့သာရှိသည်။

အမေရေ…ကယ်ပါဦးဗျာ။

သားသူ့ကို ချစ်လည်းချစ်နေတယ်။

သူက သူဌေးသမီး။ သူ့အဖေက ကုမ္ပဏီပိုင်တယ်။ အမေက ရတနာရွှေဆိုင်ဟဲဗီး နှစ်ဆိုင်တောင်ရှိတယ်။ သူတို့ အိမ်မှာ ပရာဒိုအပါအဝင်ကားကောင်းချည်းပဲ လေးစီးရှိတယ်။ ပြီးတော့ သူကိုယ်တိုင်က ဆေးကျောင်းသူ။

သားမှာဘာမှမရှိပေမယ့် အောက်ကျမှာ အသေကြောက်တယ်။ ဘာလုပ်ရမလဲ။

ဇေရတုအောင် နှလုံးသားမှာ မာနနှင့် အချစ်အားပြိုင်လွန်ဆွဲနေကြသည်။

ထိုအချိန်မှာ မိုးဆီက စကားသံလေး ထွက်ကျလာသည်။

'နှစ်ဆီအဝါလေးတွေ တအားလှတယ်နော်'

'အင်း'

'အန်တီစိုက်ထားတာလား'

'အင်း'

'ဒီအပွင့်လေးအရမ်းလှတယ်နော်…မိုးကိုခူးပေးမလားအောင်'

'မိုးကပန်းပန်လို့လား…တစ်ခါမှ မတွေ့ပါဘူး'

'မပန်လည်းလိုချင်တာပဲ…ပန်းလေးတစ်ပွင့်ကိုများ…ဟွန်း'

'ကလေးဆန်လှချည်လား'

'ဒါကလေးဆန်တာလား…သူများတွေလည်း ပေးကြတာပဲ… နင့်သူငယ်ချင်း အာကာတို့ ကိုစိုးလေး တို့ဆိုရင်'

'ဒီကောင်တွေ ငပေါတွေ'

'ဘာငပေါတွေလဲ...အောင်သာ ငတုံး၊ စီးတီးမတ်ထဲမှာ သွားကြည့်ပါလား၊ နှစ်ဆီပန်းအစို တွေ ကောင်တာသပ်သပ်ဖွင့်ပြီး ရောင်းနေတာ'

'အဲဒါက မဆိုင်ဘူးလေ...အဲဒါက ဗာလင်တိုင်းအတွက်ပဲ'

မိုးမျက်နှာလလေး ဖျန်းခနဲ နီမြန်းသွားသည်။

သူ့စကားမှားသွားပြီထင်သည်။

အမှန်တော့ ရည်းစားရှိတဲ့ သူငယ်ချင်းတွေ ပန်းတွေ၊ ချောကလက်တွေဝယ်ကြ၊ လက်ဆောင်ပေးကြတာကို ဇေရတု မနှစ်တနှစ်ကတည်းက အားကျနေတာပါ။

သူ့စိတ်ကူးထဲမှာ မိုးကို အကြိမ်ကြိမ်ပေးပြီးသား။

ဒီစိတ်ကူးတွေ ပြောခွင့်ရှိမှာမဟုတ်ပါဘူးဆိုပြီး စောစောစီးစီးလက်လျှော့ထားတာပါကွာ။

ဇေရတုအောင်က သူမျက်စိကျနေသော နှင်းဆီအဝါလေးတစ်ပွင့်ကို မြန်မြန်ဖြတ်ပေးလိုက် ပါ သည်။

မိုးက ချက်ချင်းမယူသေးဘဲ

'စေတနာရော ပါရဲ့လား'

'စေတနာတင်ဘယ်ကမလဲ...ဟိုဟာတောင် ပါသေးတယ်'

'အောင်နော်...လာမနောက်နဲ့'

'ရော့...ယူလိုက်ပါ။ မနောက်ပါဘူး၊ သေချာသိမ်းထားနော်၊ အောင် အသက်ရှစ်ဆယ်ပြည့်

တဲ့နေ့ကျရင် မိုးဆီမှာ' ဒီပန်းခြောက်လေးရှိသေးလား...ကြည့်ရတာ

ပေါ့...ဘယ်လိုလဲ’

‘သွား’

မိုးမမျက်နှာလေးက ပြုံးသွားသည်။

‘အသက်တစ်ရာပြည့်မှ ကြည့်လည်းရတယ်’

‘တကယ်လား မိုး’

သူ မိုးနား ပိုကပ်မိသည်။

မိုးက ရှက်ရှက်နှင့်

‘တော်ပြီ...မိုးပြန်တော့မယ်’ ဟုဆိုကာ လှစ်ခနဲပြေးသွားတော့သည်။

ထိုနေ့ကစပြီး ဇေရတုအောင်နှင့် မိုးမမတို့ ချစ်တယ်လည်း မပြောဘဲ အဖြေလည်း သေချာပေးစရာမလိုဘဲဘာလိုလိုနှင့်ပဲ ချစ်သူပုံစံမျိုးဖြစ်သွားကြလေသည်။

***

(၂)

မိုးဟာကိုယ့်ရဲ့ ချစ်သူဖြစ်လာမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။

သေချာစဉ်းစားရင်လည်း မဖြစ်သင့်ဘူးလို့ဘဲ အဖြေထွက်မှာပါပဲ။

ဒါပေမယ့်လည်း ကိုယ်တို့ သိပ်ချစ်ကြပါတယ်။

ဆယ်တန်းကတည်းက သူက စာတော်တာပါ။ တစ်ခြားဘော်ဒါတွေ ရိပ်မိလောက်အောင် ကွယ်ရာမှာ နောက်ပြောင်ရအောင်ထိ သူ့ဖက်က သံယောဇဉ်ကို ပြတတ်ပါတယ်။

မုန့်အမြဲတမ်းဝယ်ကျွေးတယ်။ ကိုယ်တစ်ယောက်တည်း သာမက တဖွဲ့လုံးစားရတာ ပါ။

ထမင်းချိုင့်ထဲမှာလည်း အမြဲတမ်းနှစ်ယောက်စာ။ ကိုယ်ယူမစားတဲ့နေ့ဆိုရင် စိတ်ကောက် ပြီး စကားမပြောတော့ဘူးလေ။

ဒါနဲ့ပဲ ကျောင်းဖွင့်ရက်တွေမှာ နေ့တိုင်းထမင်းအတူစားဖြစ်တယ်။

ကျောင်းပိတ်ရက်ကျတော့ ကျူရှင်မှာ တွေ့တယ်။

အထူးထုတ်တွေ၊ ဂျာနယ်တွေ စာမေးပွဲနဲ့ ပတ်သက်တိုင်း စာရွက်စာတမ်းမှန်သမျှ သူဝယ်ပေးရမှ ကျေနပ်တတ်တယ်။

အဝတ်အစားနဲ့ ပစ္စည်းအသုံးအဆောင်ဆိုရင် ကိုယ်က လက်မခံတတ်တော့ ကိုယ့်မွေးနေ့ပွဲ ဖြစ်မြောက်အောင် ဆိုင်တစ်ခုမှာ သူကိုယ်တိုင်ပဲ ဦးဆောင်စီစဉ်ပြီး အဲဒီ နေ့မှာ တီရှပ်ရောင်စုံ အစီးလိုက်၊ နာရီ၊ ရေမွှေးစတာမျိုးတွေ မွေးနေ့လက်ဆောင်ဆိုပြီး မရအရပေးတတ်ပါတယ်။

ဒါပေမယ့် သူ ပေးတဲ့အင်္ကျီကို ရှက်လို့တစ်ခါမှ မဝတ်ပါဘူး။ သူ အရမ်းစိတ်ကောက်မှ ချော့တဲ့အနေနဲ့ တစ်ရက်လောက် ဝတ်ပြရတာမျိုးတော့ရှိခဲ့တယ်။

သူချမ်းသာတာကို ကိုယ်မနာလိုဘူး။ သိပ်မချမ်းသာရင်လည်း ရတာ ပဲ။ သူကားမောင်းတာ ကိုလည်း ကိုယ်မကြိုက်ဘူး။

ဒါပေမယ့် ပုလဲကြယ်သီးလေးတွေ တပ်ထားတဲ့ ရင်ဖုံးအင်္ကျီလက်ပြတ်လေးနဲ့ ချိတ်တမီ ကိုဝတ်ပြီး ခပ်မတ်မတ်ခပ်ကြော့ကြော့လေးကားကို ကိုယ်တိုင်မောင်းသွားတာ သိပ်လှတယ်ဗျာ။ အဲဒီ မြင်ကွင်းက မျက်စိထဲက ထွက်ကိုထွက်တော့ဘူး။.

တခြားမိန်းကလေးတွေ ကားမောင်းသွားတာမြင်တိုင်း မိုးလောက်စတိုင်လ် မကျပါလား ဆိုပြီး မှတ်ချက်ချမိတယ်။

တကယ်ပါ…သူက အရမ်းချစ်စရာကောင်းတယ်။

မိုးနားက ရတဲ့ရေမွှေးနံ့မျိုး တစ်ခြားဆီက မရဖူးဘူး။

သူ့အမျိုးတွေ အင်္ဂလန်နိုင်ငံက ပို့လိုက်တာလို့ ပြောတာပဲ။

ထူးဆန်းတာကအိပ်ပျော်နေလည်း အဲဒီ ရေမွှေးရနံ့ကိုပဲစွဲနေတယ်။ အာရုံထဲမှာရှိနေတယ်။ နောက်တစ်နေ့ မိုးလင်းတာနဲ့ အဲဒီ ရေမွှေးရနံ့ကိုပဲ ရှူရှိုက်ချင်တယ်။ ရင်ထဲကနေ ပြင်းပြင်းပြပြ တောင့်တတယ်။ ထူးဆန်းတဲ့ရေမွှေးကို သူပိုင်ဆိုင်တယ်။

စပါကြီးမြွေညှို့တာကို ကိုယ်မခံစားဖူးပေမယ့် ရေမွှေးနံ့က လူကို ညှို့နိုင်တာကိုတော့ လုံးဝယုံလိုက်ရတယ်။ တခြားလူတွေလည်း ကြုံဖူးရင် ယုံမှာပါ။

မိုးသုံးတဲ့ရေမွှေးက ဆန်းကြယ်သလို မိုးစိတ် ကလည်း ဆန်းတာအမှန်။ သူနွေးထွေးချင်ရင် သူပဲလိုက် မမီအောင်နွေးထွေးပြီး သူအေးစက်ပြီဆိုရင်လည်း

အင်မတန်အေးစက်တာ။

သူနဲ့ပတ်သက်တဲ့ မမေ့နိုင်စရာတွေက အများကြီးရှိတယ်ဗျ…

အဲဒီ ထဲက တစ်ခုလောက်ကို ပြောပြရရင်

ကိုယ်ဖျားနေတဲ့ နေ့လည်ခင်းတစ်ခုမှာ

'အောင်ရေ'

မိုးအိမ်ကိုရောက်လာတယ်။

မေမေလည်းရှိတယ်။ မိုးက ပန်းသီးပါကင်ဗူးလေးကို ဘေးမှာချပြီး ကိုယ့်နဖူးကို ဖျပ်ခနဲလာစမ်းတယ်။ သူက နူးညံ့သိမ်မွေ့ပြီး ကြင်နာတတ်တဲ့ မိန်းကလေးတစ်ယောက်ပါ။

မေမေက ပြုံးနေတယ်။ ဒါပေမယ့် မျက်နှာလည်း မကောင်းဘူး။ ခဏကြာတော့ မေမေကခြံထဲဆင်းသွားတယ်။ ကိုယ်က အိမ်ရှေ့ခန်းမှာ ဖျာခင်းပြီး လဲလျောင်းနေပါတာပါ။ မိုးကဆေးခန်းက ပေးလိုက်တဲ့ ဆေးတွေကို သေချာယူကြည့်နေတယ်။

သူ့ပုံစံက အခုကတည်းက ထက်မြက်တဲ့ဆရာဝန်မလေး ပုံစံပေါက်နေတယ်။ ကိုယ်ဆေးကျောင်းကို ရောက်သွားတိုင်း ဂုဏ်ယူကျေနပ်ရတယ်လေ။ ချစ်သူက ဆရာဝန်လောင်းလေးဆိုတော့ မျက်နှာပွင့်တာပေ့ါဗျာ။

ဒါပေမယ့် သူနဲ့ခွဲရမလားလို့ ကြောက်လည်း ကြောက်နေတယ်။

အဲဒီ နေ့ကဆေးကို ကိုယ်တိုင်တိုက်တယ်။ ချစ်သူဆရာဝန်မလေးတစ်ယောက်ရဲ့ အပြုအစု အယုအယဟာ ဘယ်လောက်ကြည်နူးဖို့ကောင်းသလဲဆိုတာ ပြောပြရင်တောင် ယုံမှာမဟုတ်ဘူး။

ပန်းသီးကို သူကိုယ်တိုင်နွှာပြီး ခွံ့ကျွေးတယ်။

ချိုသလားမပြောပါနဲ့ဗျာ။

တစ်သက်လုံးက စားဖူးသမျှထဲမှာ အချိုမြိန်ဆုံး။

ပြီးတော့ ဘာဖြစ်လဲသိလား။

မိုး...က ကိုယ့်ကို ဖွဖွလေးနမ်းတယ်။

ကိုယ်တကယ်အဖျားပျောက်ပြီး ရင်တွေ ခုန်လာတယ်။

နောက်တစ်ခါတုပ်ကွေးဖျားလည်း ကိစ္စမရှိဘူး။

နောင်တစ်သက်လုံး ချားရေးနာတာအတွက်လည်း မပူရတော့ဘူး၊ ဘယ်လောက်မိုက်လဲ။

ကိုယ့်မှာ ဆေးကျောင်းသူ ချစ်သူလေးအနားမှာရှိတယ်လေ။

နွေးထွေးတဲ့ သူ့နှုတ်ခမ်းလေးကို ကိုယ်တကယ်မမေ့နိုင်တော့ဘူးကွာ။

***

(၃)

မိုးကစာအုပ်ကိုပစ်ချကာမွေ့ယာပေါ် သွားခွေနေလိုက်၏ ။

ချိုလေးက စာကြည့်စားပွဲကနေ မိုးထံလှည့်ကြည့်သည်။

စာမေးပွဲနီးနေသဖြင့် သူငယ်ချင်းနှင့် စာအတူတူ ကျက်နေကြတာ။

ညဥ့်နက်လာတော့ မိုးက အပျင်းထူထူနှင့် အိပ်ယာပေါ်ပဲခွေနေတာ။

'ဟဲ့…အိပ်တာလည်းမဟုတ်၊ ဘာတွေစဉ်းစားနေတာလဲ'

'မိုး ဘာတွေးနေသလဲ ချိုလေး မသိဘူးလား'

'သြော်…ဘဲဘဲကိစ္စလား…အဲဒါအသာထားစမ်း'

'အသာထားလို့မရဘူး…ရှေ့လထဲ ဖေဖေ့သူငယ်ချင်းသား ပြန်လာမယ်'

'သြော်…ဟိုဓာတ်ပုံထဲက လေယာဉ်ပိုင်းလော့လေးလား'

ချိုလေးက သိပြီးသားကို ရွဲ့မေးသည်။

'အောင် သနားပါတယ်ဟာ'

'သြော်…ရှင်က သနားတတ်သေးတယ်'

'သူက မိုးကို အရမ်းချစ်တာ ဘာအပြစ်မှလည်း မရှိဘူး၊ စိတ်ရှုပ်တယ်ကွာ…ဘယ်လိုဖြတ်ရ မလဲ'

'အစတုန်းကတော့ ရှင်ပဲမကြိုက်ရရင် သေတော့မယ်'

'အင်းပါ…မိုးအပြစ်ပါ၊ ဒါပေမယ့် အိမ်ကလေည်း ဂမ်နင်ပေးလှပြီ၊

တချိန်ချိန် သူ့အပေါ် ပြတ်သားရမယ်ဆိုတာ မိုးသိပါတယ်၊ ဒါပေမယ့် ပြောမထွက်ဘူးဟာ…စိတ်ညစ်ပါတယ်’

‘နင်က ဆုံးဖြတ်ပြီးသားပေ့ါ…ဟုတ်လား’

မိုးမမက ခေါင်းညိတ်သည်။

‘မိုးရဲ့ဆုံးဖြတ်ချက်တွေ မယိုင်နဲ့ချင်ဘူး…တချိတည်းပဲ အပြတ်ဖြတ်ချင်လို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ စိတ်အေးအေးနဲ့ စဉ်းစားကြည့်နေတာ’

‘ဖြတ်တယ်ဆိုတာက လွယ်လွယ်လေးပါ’

‘ဘယ်လိုလွယ်တာလဲ…မိုးအတွက်တော့ စာမေးပွဲထက် ခက်နေတယ်ကွာ…သူ့မျက်နှာ ကိုမြင်ရင် ပြောရက်မှာ မဟုတ်ဘူး…သူ့ဖက်က ဒီလိုချစ်လာအောင် ငါအရမ်းကြိုးစားခဲ့ရတာ ပါ၊ ချိုလေးရယ်…မိုးခံစားချက်ကို ချိုလေးနားလည်နိုင်မှာမဟုတ်ပါဘူး’

‘အံမယ်…ကြီးကျယ်လို့…သူပဲဆရာမကြီး…ဟွန့်’

‘ဆရာမကြီးမဟုတ်လို့ ကြိုပြီးဆွေးနေတာ…မိုးအသိုင်းအဝန်းထဲလည်း အောင့်ကို ဆွဲခေါ် လာလို့ ရမှာမဟုတ်ဘူး…မေမေကလည်း အပြတ်ပြောထားပြီးသား…နင်မိုက်ရင် နင့်ဘာသာအ ပြင်မှာ ဆင်းရဲခံတဲ့ အိမ်ပေါ်လုံးဝတက်မလာနဲ့တဲ့… ဖေဖေမေမေတို့က စီးပွားရေး ဦးနှောက် လေ… သိတယ်မို့လား…မိုးဖက်က ကိန်းဂဏန်းတွေကို ဟိုဖက်ကရိုးရိုးနဲ့သွားပေါင်းမှာ ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး…ဒါကို ကလေးတောင်သိတယ်၊ မိုးလည်း သေချာတွေးတော့ကြောက်တာပဲ၊ အင်္ဂလန်သွားပြီး ဆက်သင်မယ့်ပညာရေးခရီးတွေ အောင်နဲ့သာဆို အိပ်မက်တောင်မက်လို့ရမှာ မဟုတ်ဘူး ငါလိုချင်တဲ့ အဆင့်အတန်းနဲ့တခြားစီ၊ တကယ်တော့ အချစ်နဲ့ ဘဝဆိုတာ တခြားစီပါပဲ၊ ငါသူ့ကို ရင်ထဲကပဲ ချစ်တော့မယ်၊ တကယ်ဘဝမှာ လက်တွဲဖို့ဆိုတာ လုံးဝ

မဖြစ်နိုင်ဘူး၊ သေချာတယ်’

‘ဒါဆိုရင် မိုးတို့ဇာတ်လမ်းကို ဘယ်လိုဖြတ်မလဲ၊ The end လို့ ပေါ်တင်ပဲ ပြောမလား’

‘ပြောမထွက်ဘူးဟ့၊ စိတ်ညစ်တယ်၊ သူအရမ်းနာကျင်သွားမှာ၊ မိုးသိတယ်၊ သူမငိုခင် မိုးငိုမိလိမ့်မယ်၊ မျက်နှာချင်းဆိုင် ပြောလို့မဖြစ်ဘူး’

‘ဒါဆို ဖုန်းထဲကပြောမယ်၊စိတ်ကူးလား’

‘သူ့မှာ ဖုန်းမရှိဘူး၊ တခြားအိမ်ကခေါ်ပြီး ပြောရင် ဘယ်ကောင်းမလဲ’

‘ဒါဆိုရင် ချိုလေး အကြံပေးရမလား’

မိုးမစိတ်ဝင်စားသွားသည်။ ခေါက်ခနဲ ထထိုင်သည်။

‘လုပ်စမ်းပါဦး…ဘာအကြံလဲ’

‘မိုးကိုယ်တိုင်လည်း နေနိုင်လားလို့ အရင်စမ်းသပ်ပြီးသား ဖြစ်သွားအောင်’

‘အင်း…ပြော’

‘ရှောင်နေတဲ့နည်းပေ့ါ’

‘ဘယ်လို’

‘အတွေ့မခံဘဲ လုံးဝရှောင်နေလိုက်၊ အဲဒါအကောင်းဆုံးပဲ၊ နင်မယုံရင်စမ်းကြည့်လိုက်၊ ဒါခေတ်အဆက်ဆက်အောင်မြင်လာတဲ့ နည်းကောင်းပဲ၊ အကြွေးသမားတွေအားလုံးလည်း ဒီနည်းပဲသုံးတယ်၊ ဟုတ်တယ်လေ၊ ငါ့ါဆီက အကြွေးလာတောင်းမယ့်သူဆိုပါတော့၊ ငါကလည်း သူ့အကြွေးမဆပ်နိုင်သေးဘူးဆိုပါတော့၊ မျက်နှာချင်းဆိုင်ပြီး တောင်းပန်ရင်လည်း တစ်ခါပေ့ါ၊ နောက်တစ်ခါကျရင် ဒီအကြွေးသမားမမြင်အောင် ငါပုန်းနေမှပဲရမယ်၊

ဒါကရင်ဆိုင်လို့မဖြစ်ဘူး၊ ဖြစ်တဲ့နည်းနဲ့ ရှောင်ရမှာပဲ၊ သမီးရည်းစားဆိုတာလည်း ထိုနည်းလည်းကောင်းပဲ၊ မျက်နှာချင်း ဆိုင်ပြီးတော့ ရှင့်ကိုပြတ်ပါပြီ၊ ဆက်ပြီး မချစ်နိုင်ပါဘူး လို့ ပြောလို့ဖြစ်မလား၊ ပြောလည်း အရာရောက်မှာမဟုတ်ဘူး၊ အဲဒီ တော့ ရှောင်နေလိုက်၊ သူလည်း အလိုလို သဘောပေါက် သွားမယ်၊ ဒေါသဖြစ်ပြီး ပေါက်ကွဲလို့လည်း မရဘူးလေ၊ သူ့မျက်စိရှေ့မှာ နင်မှမရှိတာ၊ အိမ်ကိုလည်း လာဆက်သွယ်လို့မရဘူး၊ နင့်အိမ်က တင်းမာတဲ့သဘောကို သူလည်း သိမှာပဲ၊ အဲဒီ တော့ မိုးကို တွေ့ခွင့်ရဖို့ပဲ သူအသေကြိုးစားရမယ်၊
ဒီနေရာမှတင်သူစွမ်းအားတွေသုံးရပြီ၊ တစ်နေ့ပြီးတစ်နေ့သူလည်း အလိုလို နားလည်ပြီး သွေးအေးလာမယ်၊ တစ်ပတ်၊ဆယ်ရက်၊ တစ်လကြာသွားရင် ငါမတွေ့ရလည်း ဖြစ်သားပဲလို့သူလည်း အလေ့အကျင့်ရပြီး မာနမွေးနိုင်မယ်၊ နင်နဲ့ပြတ်တာသေချာပြီဆိုရင်လည်း သူနောက်အသစ်တစ်ယောက်ရှာမှာပဲ၊ ချိုလေးကတော့ ယောကျ်ားတွေရဲ့အချစ်ကို မယုံဘူး၊ မိုးမယုံရင်စောင့်ကြည့်၊ သူ့ဘေးမှာ တစ်ခြားမိန်းမ တစ်ယောက် အစားဝင်လာမှာပဲ၊ အချစ်ဆိုတာ တကယ်တော့မရှိပါဘူးဟာ၊ လူတွေ ကသာရှိတယ် ထင်နေတာ၊ လူတွေအတွက် အဓိကက ကောင်းကောင်းစားကောင်းကောင်း အိပ်၊ကောင်းကောင်း ဝတ်၊ ကောင်းကောင်းနေ၊ ဒါပဲ၊ ချိုလေးသိတာဒါပဲ၊ ပြီးမှ အချစ်ဝင်လာ၊
အချစ်ကဝင်လာပြီး လူက ဆင်းရဲငတ်ပြတ်နေရင် ဘာမှမထူးဘူး၊ အဲဒီ အချစ်လည်း ဘာမှသုံးစားလို့ရမှာမဟုတ်ဘူး၊ အဲဒီ တော့ မိုးလုပ်တာမှန်တယ်၊ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့’ ရဲဘော်ဆက်လုပ် လို့ပဲ အားပေးရမယ်၊ ဟုတ်တယ်မို့လား’

‘အင်း၊ ချိုလေးအကြံမဆိုးပါဘူး၊ နောက်နေ့ကစပြီး မိုးသူ့ကို လုံးဝသွားမတွေ့တော့ဘူး၊ သူကတော့ စိတ်ကောက်နေတယ်ထင်ပြီး အသည်းအသန်လာရှာမှာပဲ၊ တွေ့ဖို့ကြိုးစားမှာပဲ’

‘အဲဒီ ကျရင် မိုးပြောချင်တာ ခပ်တည်တည်အပြတ်ပြော

ပျော့စိပျော့စိသွားမလုပ်နဲ့နော်၊ တော်ကြာမခွာဘဲ အတင်းတွယ်ကပ်နေရင်ပြဿနာ’

‘ဟင့်အင်း…အောင်ကအဲလိုလူစားတော့မဟုတ် ဘူး၊ သူက မာနသမား၊ မိုးကို ချစ်လွန်းလို့သာ သူ့အောက်ကျို့ချင်ကျို့မှာ ၊ မိုးကတစ်ခွန်း၊ ပြတ်ပြီပြောရင် သူပြန်လှည့်ကြည့်မှာ မဟုတ်ဘူး၊ ဒါကိုတော့ မိုးယုံတယ်’

‘သြော်…အဲလိုဆိုရင် ဘာလိုသေးလဲ’

‘ဒါပေမယ့် မိုးရင်ထဲမှာ တမျိုးကြီးပဲ၊ သူ့ကိုအားနာနေတယ်၊ ပြီးတော့ သနားတယ်၊ မိုးက တမင်ရက်စက်သလိုကြီးဖြစ်နေတော့ မိုးအရမ်းဝမ်းနည်းတာပဲ၊ သူမိုးကိုခွင့်လွှတ်ပါစေလို့ ချိုလေးလည်း ဝိုင်းဆုတောင်းပေးရမယ်၊ ဒီကိစ္စချိုလေးလည်းကြံရာပါပဲ၊ ဒါပဲ’

‘ဘုရားရေ…ကျုပ်ကိုပါ ဆွဲထည့်နေပြီ၊ ရှင်ကောင်းစားရင်လည်း ကျုပ်ကို ကျေးဇူးရှင်ပါလို့ ကြေညာမှာလား ကဲ’

***

(၄)

'ရွှေရတု' က သစ်ပင်ရိပ်အောက်မှာ စိတ်ရှည်ရှည်နဲ့ မတ်တပ်ရပ်ကာ အကြာကြီးစောင့်နေ လိုက်၏။ သည်နေ့တော့ ရင်ထဲက အဖုအထစ်ကို ဖယ်ရှားမှဖြစ်တော့မည်။

မိုးမမနှင့် မတွေ့ရသော ရက်တွေက သူ့အတွက် ခါးသီးလွန်းလှ၏။ ခြောက်သွေ့လွန်းလှ၏။ အထီးကျန်ဆန်လွန်း၏။

ချစ်သူက လုံးဝမတွေ့မခံဘဲ ရှောင်နေတော့မှ သူ့ဘက်က ဘယ်လောက်အထိ နက်ရှိုင်းသက်ဝင်နေမိသလဲဆိုတာ သိလာခဲ့၏။

သူ မိုးမမကို အရမ်းချစ်သည်။ မေ့ပစ်လို့လည်း မရ။ သံယောဇဉ်ကလည်း ကြာလေခိုင်လေ။

အဆင့်အတန်းမြင့်စွာ နေထိုင်ပြောဆိုတတ်သော စိတ်သဘောထား နူးညံ့ဖြူစင်သော သူ့အပေါ် အင်မတန်ကောင်းသော မိုးမမကို သူဘယ်လောက်ချစ်သလဲ သူပဲသိသည်။

ဘယ်လိုအကြောင်းနဲ့မှ သူမစွန့်လွှတ်နိုင်။ နောက်မဆုတ်နိုင်၊ လက်မလျှော့နိုင်ပါ။

မပြေလည်သော ကိစ္စကို သူရအောင်ရှင်းမည်၊သူ့ဘက်ကမှားလျှင် တောင်းပန်မည်။

မိုးမမကြိုက်တာကို သူဘာမှမလုပ်။

သူ့ကို စိတ်ဆိုးရှောင်ဖယ်နေသောအကြောင်းရင်းကို သူသိလိုလှသည်။

သိမှုလည်းဖြစ်မည်။

ချစ်သူနှင့်မတွေ့ရတော့ သူ့စိတ်တွေလိုလိုတိုချင်သည်။ အလုပ်ထဲလည်းစိတ်မပါ။ အိမ်ပြန်ရောက်တော့လည်း ခါတိုင်းလို သူငယ်ချင်းတွေနှင့် လမ်းထိပ်ထွက် လက်ဘက်ရည်ဆိုင်ထိုင်တာမျိုး မလုပ်နိုင်။ အိမ်ထဲမှာပဲနေကာ ခေါင်းပူအောင် ထပ်တလဲလဲတွေး နေမိတာ မိုးမမဘာကို စိတ်ဆိုးသွားသလဲဆိုတာပါပဲ။

မိုးမမ သူ့အပေါ် စိတ်ပျက်နာကျင်အောင် သူဘာလုပ်မိသလဲ၊ စဉ်းစားလို့မရ။

ဘယ်လိုပဲဖြစ်ဖြစ် သူအရမ်းခံစားရသည်။ စိတ်မကောင်းလည်းဖြစ်မိသည်။

မကြိုက်တာကို ပွင့်လင်းစွာ ပြောသင့်သည်။ အခုလို ဘုမသိ ဘမသိ စိတ်ဆိုးခံနေရတော့ သူ ဘယ်လိုနေရမလဲ။ သူ့အပေါ် မိုးမမအရမ်းကောင်းတာ သူသိသည်။ ရုတ်တရက်ကြီးမခေါ် မပြောအဆက်အသွယ်မလုပ် ရှောင်ဖယ်နေတော့ သူဘာဆက်လုပ်ရမှန်းမသိ။

သူ့ကို အဲဒီ လောက် နှိပ်စက်နိုင်တာ တော်တော်စိတ်ဆိုးနေလို့ဖြစ်လိမ့်မည်။

မိုးမမက စိတ်ကောက်လိုက် စိတ်ဆိုးလိုက်နှင့် ပြေလွယ်ကောက်လွယ်သော မိန်းကလေး လည်း မဟုတ်။ မကောက်စဖူးကောက်နေတော့ သူပိုတုန်လှုပ်သည်။ ပိုကြောက်မိသည်။

သူ့ကို ဘယ်နှစ်ရက်အထိ မခေါ်မအပြောဘဲနေမှာလဲ။ ကြာလျှင် သူတစ်ခုခုဖြစ်လိမ့်မည်။ ပေါက်ကွဲမိလိမ့်မည်။သည်ဝေဒနာကို သူမခံစားနိုင်၊ ခံနိုင်ရည်မရှိပါ။ မနက်ကတည်းက သူဆုံးဖြတ်လိုက်၏ ။ မိုးမမကို စောင့်နေပြီး မရမကချော့တော့မည်။

သူ့ကို မိုးမမချစ်တာသူသိသည်။

စိတ်ဆိုးမြန်မြန်ပြေပါ ချစ်သူလေးရယ်။

ကိုယ့်ရင်ခွင်ထဲမှာ ဘယ်လောက် ဟာတာတာဖြစ်နေပြီလဲ မင်းသိရဲ့လား။

ဇေရတုက ခပ်မတ်မတ်ရပ်ပြီး ဆက်စောင့်နေ၏ ။ မိုးမမက သူ့မေမေဖွင့်ထားသော စိန်ရွှေရတနာဆိုင် ကို လာထိုင်ပေးမှာ သူသိသည်။ အဲဒါကြောင့်လည်း သူခပ်စောစောရောက်ကာ ကြိုစောင့်နေလိုက်၏ ။ သူနှင့်အတူတူတက်နေသောသင်တန်းကိုလည်း မိုးမမက လာမတက်တော့ ပါ။ သူဖုန်းဆက်လျှင်လည်း ချက်ချင်းချပစ်သည်။

သည်တော့လည်း အခုလို လာစောင့်နေရုံကလွဲပြီး ဘာမှမတတ်နိုင်။

ဟော...

သူစောင့်ရကျိုးနပ်ပါပြီ။

မိုးမမမောင်တို့၏ ကားလှလှကြီး လမ်းထဲဝင်လာတာမြင်ရ၏ ။ မိုးမမမောင်ကို ချပေးပြီး ကားက ချက်ချင်းပြန်ထွက်သည်။ မိုးမမမောင်က ထမင်းချိုင့်နှင့် ဒေါက်ချွန်ချွန်ဖိနပ်ကလေးနှင့် မျက်မှန်နက်လည်း တပ်ထားသည်။

သူနှင့်မတွေ့ရလို့သူနှင့်မပြေမလည်ဖြစ်နေလို့ စိတ်ရှုပ်ညှိုးရော်နေသောပုံစံ တစ်စက် ကလေးမှ မရှိပါ။ ခါတိုင်းလိုပဲ နုဖတ်လှပကာ လန်းလန်းဆန်းဆန်းကလေးပါပဲ။ သူ့ကြောင့် ခံစားနာကျင်နေပုံလည်းမရ။ သူ့မှာတော့ လူးလူးလိမ့်လိမ့်ချင့်နေလို့ကိုမရ။

မိုးမမရယ်။

ချစ်မှန်းသိလို့ ကိုယ့်အပေါ် ရက်စက်ချင်တာလား။ ဇေရတုက အံတချက်ကြိတ်ကာ မိုးမမစီလျှောက်သွားလိုက်၏ ။ ရပ်စောင့်နေရတာ

ခြေထောက်တွေပင် ညောင်းလွန်းလှပြီ။ စိတ်ကဇောကပ်နေလို့သာ ညောင်းလို့ညောင်းမှန်းမသိဖြစ်ရတာ မျိုး။

'မိုး'

သူ့ကိုဘွားကနဲ တွေ့လိုက်ရတော့ မိုးမမောင်က ခြေစုံရပ်သွားပြီးနှုတ်ခမ်းဖူးဖူးကလေးပွင့် ဟကာသွား၏ ။ အံ့သြသွားသည်ထင်။

စိတ်ကောက်နေသော ချစ်သူရှေ့ကို ကိုယ်မလာဘဲနေမှာတဲ့လား။ ကိုယ်မင်းကျေနပ် အောင် ချော့မှာပေ့ါ။ ကိုယ်ကယောကျ်ားလေးပဲ။

'ကျွန်မကို မနှောင့်ယှက်ပါနဲ့'

'ဘာ'

ပထမဦးဆုံးကြားလိုက်ရသောစကားက သူ့ရင်ဂကိုဆောင့်ကန်ခံရသလို အင့်ကနဲဖြစ်စေ၏ ။

'ကိုဇေရတုအောင်'

မိုးမမောင်က တပ်ထားသော မျက်မှန်ကိုချွတ်ပြီး နာမည်ကို ပြည့်ပြည့်စုံစုံခေါ်သည်။ ခါတိုင်းလို အဖျားဆွတ်မခေါ်တော့ပါ။

'ကျွန်မနဲ့ ရှင်ဘာမှ မဆိုင်တော့ဘူး၊ ကျွန်မသေချာဆုံးဖြတ်ပြီးပြီ၊ ကျွန်မရှင့်ကို လက်မထပ် နိုင်ဘူး၊ မိဘတွေစကားကို နားထောင်ဖို့ဆုံးဖြတ်လိုက်ပြီ'

'အောင်နားမလည်ဘူး'

သူသွေးပျက်စွာ ဆိုမိ၏ ။

'စိတ်ကောက်နေတာမဟုတ်ဘူး၊ စိတ်ဆိုးနေတာလည်း မဟုတ်ဘူး၊ လမ်းခွဲတာပါ'

'ဘာတွေပြောနေတာလဲ မိုး'

သူလက်မခံနိုင်အောင် ဖြစ်မိသည်။

'ကျွန်မတို့ လမ်းခွဲကြရအောင်'

'ဘာလို့လဲ၊ အောင့်မှာ ဘာအပြစ်ရှိလို့လဲ'

သူ့အသံက အရမ်းထိခိုက်နာကျင်စွာ တိမ်ဝင်သွား၏။ ချစ်သူစကားတွေက အေးစက် မာကျောပြင်းထန်လွန်းလှသည်။ သူထင်ထားသလိုမဟုတ်။

'ရှေ့ဆက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး'

'ဘာကြောင့်လဲ'

မိုးမမောင်က သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲသွား၏။

'အရမ်းကွာဟနေတယ်။ ကျွန်မက ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနေလာခဲ့တဲ့ မိန်းကလေး၊ ရှင့်ကိုယူရင် မိဘတွေက သဘောတူမှာမဟုတ်ဘူး၊ ဒါတွေအားလုံး ကျွန်မစဉ်းစားပြီးပြီ၊ ကျွန်မစတာဂဲလ်( STRUGGLE) (ရုန်းကန်ရခြင်း) မလုပ်နိုင်ဘူး၊ ဘဝကို ရုန်းကန်လှုပ်ရှားပြီး မတည်ဆောက်ချင်ဘူး၊ ဒါကြောင့် လမ်းခွဲကြမယ်'

ဇေရတုမျက်နှာက နီရဲထူအမ်းသွား၏။

ဖျန်းကနဲပါးရိုက်လိုက်တာကမှ တော်သေးသည်။ အခုတော့ သူ့မာနသူ့သိက္ခာ သူ့တန်ဖိုးကို အစောကားခံရပြီ။

'ဒီနေ့ဒီအချိန်ကစပြီး ကျွန်မတို့ဘာမှမဆိုင်တော့ဘူး၊ အကြာကြီးရှိခဲ့ဖူးတဲ့ သံယောဇဉ်ကို ငဲ့ညှာပြီး ကျွန်မကို ခွင့်လွှတ်ပါ၊ ထပ်လည်း မနှောင့်ယှက်ပါနဲ့တော့၊ ကိုယ့်လမ်းကိုယ်လျှောက်ခွင့် ပြုပါ၊ မေမေ့ကိုလည်း ကတိပေးပြီးပြီ၊ ရှင်နဲ့ လုံးဝမပတ်သက်တော့ပါဘူးလို့'

ဇေရတုအောင်က မတ်တပ်ရပ်ရင်း အကြာကြီး ငြိမ်သက်နေမိသည်။

သူသတိလက်လွတ် နှင့် တုန်လှုပ်သွားမိတာပါ။

လုံးဝမျှော်လင့်မထင်းသော စကားတွေကို ဖြုန်းစားကြီး ကြားလိုက်ရသောအခါ မခံစားနိုင်အောင်ဖြစ်သွားပြီ ကျောက်ရုပ်လို ငြိမ်ကျတိတ်ဆိတ်သွားခဲ့တာပါ။

လမ်းခွဲစို့လား။ ဟုတ်လား။

ပိုက်ဆံကြောင့် ဆင်းရဲတာကြောင့် လမ်းခွဲကြရအောင်တဲ့လား။ မိုးမပြောလိုက်တာမှ ဟုတ်ပါရဲလား။ သည်စကားလုံးတွေကို သူနားနှင့်ဆတ်ဆတ်ကြားလိုက်ရပေမယ့် မယုံချင်သေးပါ။

ဟိုတုန်းကတည်းက သူပြောခဲ့ဖူးသားပဲ။ သူရှောင်ခဲ့ဖူးသားပဲ။ သူ့စိတ်ကို သူအမိန့်ပေး ထိန်းချုပ်ခဲ့သေးတာပဲသူ့ဘဝထဲကို မိုက်မိုက် ရူးရူး ဇွတ်တိုးဝင်လာခဲ့တာ ဘယ်သူလဲ။

အခုချိန်ကျမှ သည်စကားတွေနှင့် ကိုယ့်ကို အသည်းခွဲတာလား၊ ရင်ကွဲနာကျစေချင် တာလား။

တတ်လည်းတတ်နိုင်ပါပေ့။

ကိုယ်ဘယ်လိုနားလည်ပေးရမလဲ မိုးရယ်။

သည်လိုလွယ်လွယ် မင်းမေ့နိုင်သလား။

သည်လောက်မြန်မြန် မင်းကိုယ့်ကို ခွဲနိုင်သလား။

ကိုယ်ဘယ်လိုဖြေရမလဲ။

'မေမေတို့ကို စိတ်ချမ်းသာစေချင်တယ်၊ တကယ်တမ်းတွေးကြည့်လိုက်တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ နားလည် သဘောပေါက်လာတယ်'

‘တော်ပါတော့ကွာ’

သည်လောက်စော်ကားရရင် ကျေနပ်ပါတော့။

ဇေရတုအောင်ဘဂကို သည်ထက်နိမ့်ကျအောင်ထပ်ပြီး ဖိမပြောချင်ပါနဲ့တော့။

အစကတည်းက လူကြီးမိဘတွေ သဘောတူပြီးတွဲခဲ့ကြတာမှမဟုတ်ဘဲ။ ကိုယ်ပိုင်ဆုံးဖြတ် ချက်နဲ့ ရဲရဲရင်ဆိုင်ဖို့ တွေးခဲ့ကြတာ။

မိဘတွေက အစကတည်းက တားခဲ့ကြတာပဲ။ ကန့်ကွက်ခဲ့ကြတာပဲ။ အစတုန်းကတော့ သတ္တိရှိပါတယ်လို့ တဖွဖွပြောခဲ့တာမင်းပါမိုး။ အခုတော့လည်း မင်းပဲပြောပြန်ပြီ လမ်းခွဲစို့တဲ့။

‘တကယ်ပြောနေတာလား’

ဇေရတုက သေချာအောင် ထပ်မေးသည်။

‘ကျွန်မက ဒီလိုမျိုး နောက်ပြောင်ပါ့မလား’

‘အိုကေ…ရပါတယ်၊ ကိစ္စမရှိဘူး’

သူလက်ကာပြပြီး ကျောခိုင်းထွက်ခဲ့၏ ။

ရင်ထဲမှာ တစစီကြေမွနေ၏ ။

သူတော်တော်ခံပြင်းသည်။ ဒေါသလည်းဖြစ်သည်။ ဘာမှမပြောမိအောင်ထိန်းပြီး လှည့်ထွက် နိုင်ခဲ့တာ မိုးမမ ကံကောင်းသည်။ သူ့ဘက်က ဒေါသစကားတွေကို မိုးမကြားလျှင် အရမ်းနာကြည်းသွားမှာ။

ဇေရတုမျက်နှာက တင်းမာအေးစက်နေ၏ ။

ရင်ခုန်သံတွေ ရပ်တန့်သွားပြီ။

အချစ်ဆိုတာ ဒါမျိုးကြီးလား။

ပိုက်ဆံလောက်တောင် တန်ဖိုးမရှိတဲ့အချစ်။

ငွေဂုဏ်ကိုမကျော်လွှားနိုင်တဲ့အချစ်

အလကားအချစ်၊ တန်ဖိုးမဲ့သောအချစ်။

သူ့အရမ်းနားလည်သွားပြီ။

ကျေကျေနပ်နပ်ပြုံးပြုံးရွှင်ရွှင် လမ်းခွဲပေးမယ်။

သည်လိုပေ့ါတိမ်တိမ်အချစ်တစ်ခုကို ကိုယ်ကလည်း ဦးမညွတ်ပါဘူး။ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ရုံပါပဲ။ ကိုယ်မခံစားဘူး၊ မကြေကွဲဘူး။

မင်းကို မေ့ပစ်မယ်မိုး။

***

(၅)

ဇေရတုက မေမေခေါ်နေတာကြာသည်မို့ ကုတင်ပေါ်မှာ ငေါက်ကနဲထထိုင်သည်။ ကက်ဆက်သံကိုလည်း လျှော့ပစ်လိုက်၏ ။ သီချင်းသံကျယ်နေပေမယ့် သူ့နားထဲမဝင်။ သူ တစ်နေ့လုံး အခန်းအောင်းနေတော့ မေမေရိပ်မိလောက်ပြီ။ မနက်စာထမင်းလည်း ခုထက်ထိ မစားသေးပါ။

'သား...ဇေရတုအောင်'

မေမေက သူ့အမည်ကို ပြည့်ပြည့်စုံစုံခေါ်လေ့ရှိပေမယ့် ခေါ်သံက ညင်သာနူးညံ့သည်။

'ဗျာ'

'မေမေ ဝင်လာခဲ့ပြီ'

'ဟုတ်ကဲ့'

မေမေက စေ့ထားသော တံခါးကို အသာဟကာ တွန်းဖွင့်ဝင်လာပြီး သူ့ကို စူးစူးစမ်းစမ်း ကြည့်၏ ။

'နေမကောင်းဘူးလားသား'

မေးတာမေးလိုက်ရတာ ။ ဇေရတုနေမကောင်းတာမဟုတ်မှန်း အမေသိပါသည်။ နည်းနည်း လေးဖျားလျှင်ပင် ဇေရတုက မေမေမေမေနှင့် တဖွဖွခေါ်ညည်းတတ်သူ။ နေထိုင်မကောင်းလျှင် ကလေးတစ်ယောက်လို အကဲပိုတတ်သူပါ။

သည်တော့ အခန်းထဲအောင်းကာ ကြိတ်မှိတ်ခံစားနေပုံထောက်လျှင်

သူ့ကောင်မလေးနှင့် အဆင်မပြေတာပဲဖြစ်လိမ့်မည်။

သားတို့ချင်း သိပ်သင့်မြတ်နေလို့သာ ဝင်မပြောခဲ့တာပါ။ သားကောင်မလေးက သိပ်ပြီးချမ်းသာသည်။ ရုပ်ကလေးကလည်း ချော၊ ပညာကလေးကလည်း ကောင်းဆိုတော့ ဘာမှပြောစရာမရှိ။ သားအပေါ်ခင်တွယ်နေလွန်းလို့သာ ကြည့်နေခဲ့ရတာ ။ တစ်နေ့နေ့ ပြဿနာဝင်မှာ ကြိုသိပြီးသား။ တစ်ဖက်မိန်းကလေးမှာလည်း မိဘအသိုင်းအဝိုင်းရှိသည်။ သားလိုဆင်းဆင်းရဲရဲကောင်လေးကို လိုလားကြည်ဖြူမှာမဟုတ်။ ကိုယ်လည်းကိုယ့်သမီးလေးဆို တန်းတူရည်တူနှင့်သာ လက်တွဲစေချင်မှာ ပါ။ မိဘရဲ့ စေတနာကိုး။

'သားနေကောင်းပါတယ်မေမေ'

'ထမင်းလည်းမစားဘူး'

'မဆာသေးလို့ပါမေမေ'

'တော်ကြာ ဗိုက်တွေဘာတွေအောင့်လာဦးမယ်၊ အချိန်မှန်စားရမယ်လေ'

'ဟုတ်ကဲ့'

ဇေရတုအောင်က မျက်နှာမသာမယာနှင့် ခေါင်းညိတ်၏ ။ မေမေကစားဆိုလို့သာ စကားနား ထောင်ပြီးစားရမှာ တကယ်ဆို စားချင်စိတ်မရှိ။ ရင်ထဲမှာခံနေသည်။

'သား'

'ဗျာ'

'ဘာဖြစ်လို့လဲ၊ မေမေ့ကိုပြောပြနိုင်မလား'

'ဘာမှမဖြစ်ပါဘူး'

သူ့ဇွတ်မှိတ်ခေါင်းခါမိ၏ ။ မေမေ့ကို မသိစေချင်။

'သားရယ်၊ သားကိုကြည့်တာနဲ့ပ မေမေသိပါတယ်၊ မိန်းကလေးဆိုတာ တစ်ခါတစ်လေ စိတ်ဆိုးစိတ်ကောက်တတ်တယ်'

မေမေပြောသလို ဟုတ်လိုက်ပါလား။

သူ့အကြိမ်ကြိမ်အခါခါချော့မှာပါ၊ ကြိုက်သလောက်စိတ်ကောက်လိုပ်ပါ။

'မေမေထင်သလိုမဟုတ်ဘူး'

'ဇေရတုစကားကြောင့် မေမေမျက်နှာပျက်သည်။

'သားတို့ လမ်းခွဲလိုက်ပြီ'

'ဟုတ်လား'

ဇေရတုက လက်သီးတင်းတင်းဆုပ်ကာ

'သား ပိုက်ဆံကို မုန်းတယ်မေမေ' ဟုနာကြည်းစွာဆို၏ ။ ဇေရတုမျက်နှာက ခက်ထန် အေးစက်ကာနေ၏ ။

'လောကကြီးမှာ ပိုက်ဆံက တန်ဖိုးအရှိဆုံးလားမေမေ ဟုတ်လား၊ သားအရမ်းအံ့ဩတယ်၊ သားသိက္ခာ သားမာနကို အစော်ကားခံခဲ့ရတယ်'

မေမေ့ကို အပွင့်လင်းဆုံးမပြောဘဲတမင်ထိန်ချန်ထားတာက သားနှလုံးသားပါ အစော်ကား ခံလိုက်ရတာ ပါမေမေဟူ၍ ။

'သားပိုက်ဆံချမ်းသာချင်တယ် ဘယ်လိုနည်းနဲ့မဆို ချမ်းသာအောင်လုပ်မယ်၊ ဖြတ်လမ်း နည်းနဲ့မြှင့်တင်ပြမယ်'

'သားရယ် ၊ ပိုက်ဆံဆိုတာ ရိုးသားတဲ့နည်းနဲ့ပဲရှာမှ တန်ဖိုးရှိတာပါ'

မေမေက သူ့အတွက် စိတ်ပူနေသလိုပါ။

'ရိုးရိုးသားသားပဲ ရှာမှာပါမေမေ။ သား ဒီတစ်ခါ အရမ်းနာသွားပြီ'

ကိုယ့်အားနည်းချက်ကို ဖိနင်းအသုံးချပြီးမှ လမ်းခွဲစကားကို ပြောထွက်သူက ကိုယ့်ချစ်သူ။

အားနည်းချက်ကို ထိုးနှက်ခံရတာ လောက် နာကျင်ကြေကွဲတာရှိဦးမလား။

ကိုယ့်မှာ ပိုက်ဆံမရှိတာ၊ ကိုယ်ဆင်းရဲတာ အစကတည်းက သိသင့်ပါတယ်၊ သိပြီးသားပဲ မဟုတ်လား။

လမ်းတစ်ဝက်ရောက်မှ လမ်းမှားနေပြီဆိုပြီး နောက်ပြန်လှည့်ချင်တော့ ကိုယ်ကဘယ်လို နားလည်ရမလဲ။

ကိုယ့်ဘက်ကိုဘာလို့ မစဉ်းစားတာလဲ။

ဘာတဲ့။ စတာဂဲလ် (STRUGGLE )မလုပ်ချင်ဘူးတဲ့ လှလိုက်တဲ့စကားလုံး။

ဟား...ဟား...ဟား

သိပ်ပြောင်မြောက်တဲ့ စကားလုံး။

သည်စကားလုံးကို သည်အခြေအနေရောက်မှ ဘယ်ကနေ ရှာဖွေထုတ်ယူလာခဲ့သလဲ။

ကိုယ်က ယောကျ်ားတစ်ယောက်ပါ။

ဘဝကို ရုန်းကန်ဖို့လိုအပ်လာလျှင် ကိုယ်ပဲရှေ့က ( STRUGGLE) စတာဂဲလ်လုပ်မှာပါ။

ရက်စက်လိုက်တာ။ ပြောထွက်လိုက်တာ။ အဲဒီ စကားလုံးက ဇရတုအောင်ရင်ထဲကို စူးစိုက်ဝင်သွားပြီဆိုတာ မင်းသိရဲ့လား။

လမ်းတစ်ဝက်ရောက်မှ မင်းက ပြန်လှည့်နိုင်ရင် ကိုယ်ကရော ဘာလို့ ကြေကွဲရပ်တန့် နေမလဲ။

'သား…စိတ်လျှော့လိုက်ပါကွယ်၊ ထမင်းစားရအောင်၊ သားနဲ့ဖူးစာမှန်တဲ့ မိန်းကလေး တွေ့လာမှာပါ၊ ဒါမျိုးက သွေးပူနေတုန်းတော့ အရမ်းခံစားရမှာပဲ၊ သွေးအေးသွားတော့လည်း ဘာမှမဟုတ်ပါဘူး၊ သား မေ့နိုင်မှာပါ'

မေမေက သူ့ကို ဖျောင်းဖျနှစ်သိမ့်သည်။

မြတ်မြတ်နိုးနိုး ချစ်ရသူဆီက အထင်သေးခြင်း အရှက်ရအောင်ပြောဆိုခြင်းခံရတော့ သူဘယ်လောက် ခါးသီးနာကျင်မိသလဲ။ သူ့ရင်ထဲမှာ ဖြေလို့မရ။

မေမေပြောသလိုပဲ ကြာလာလျှင် သွေးအေးပြီး မေ့ပျောက်သွားနိုင်ကောင်းပါရဲ့။

အခုလောလောဆယ်တော့ ရင်ထဲမှာ တဆတ်ဆတ်ခါအောင်နာမိပါသည်။

ရှက်လည်းရှက်မိသည်။ ဒေါသလည်းဖြစ်မိသည်။ ဒီတစ်သက်မိုးမမောင်၏ မျက်နှာကို သူမမြင်လိုတော့ပါ။ မိုးမမအကြောင်းလည်း မစဉ်းစားချင်။

ကိုယ့်ဘဝထဲက မင်းထွက်သွားပေပါ မိုးမရယ်။ မင်းကို မမုန်းအောင် မမျက်အောင် ကြိုးစားရတော့မယ်။

***